# စပါးအထွက်တိုးရန်

## ဆောင်ရန်နှင့်ရှောင်ရန်



Department of Agriculture
Acc No.........
Date .........
Central Agricultural Library

# စပါးအထွက်တိုးစိုက်ပျိုးနည်း

စပါးစိုက်ပျိုး ထုတ်လုပ်ရာတွင် သမားရိုးကျ စိုက်ပျိုးစနစ်များကိုသာ လိုက်နာကျင့်သုံးမည်ဆိုပါက ထွက်ရိုးထွက်စဉ် စပါးထွက်ကိုသာ ရရှိမည်ဖြစ်ပေသည်။ စပါးထွက်ပိုစေလိုလျှင် စပါးထွက်တိုးရေးကို မစွမ်းဆောင်နိုင်သော သမားရိုးကျ နည်းစနစ်များကို ရှောင်ကြဉ်၍ အထွက်တိုးစေမည့် မှန်ကန်သော နည်းစနစ်များကို လိုက်နာဆောင်ရွက်ရမည်။

စပါးအထွက်တိုးစေရန်မှာ စပါးထွက်ကို အကျိုးပြုနေသည့် အခြေခံအင်္ဂါရပ်များကို အချိုးညီညီ၊ ဟန်ချက်မပျက် တိုးတက်အောင် ဆောင်ရွက်ရမည်။ စပါးထွက်ကို အကျိုးပြုနေသော အခြေခံအင်္ဂါရပ်များမှာ––

(က) လယ်တစ်ကေတွင် မျိုးအလိုက်စိုက်သင့်သည့် ကောက်ကွက်အရေအတွက်ရရှိအောင် စိုက်ပျိုးခြင်း၊

(ခ) ကောက်ကွက် တစ်ကွက်တွင် ရှိရမည့် အောင်နှံပါသည့် အပင်ပွား အရေအတွက် ရရှိခြင်း၊

(ဂ) အောင်နှံ တစ်နှံတွင် ရှိသင့်သည့် အောင်စေ့ အရေအတွက် ရရှိခြင်း၊

(ဃ) အဆန်ပြည့်သော စပါးစေ့အရေအတွက် များပြားစေခြင်းများ ဖြစ်သည်။

အထက်ပါ အင်္ဂါရပ်များသည် စပါးအထွက် တိုးစေရေးအတွက် အကျိုးပြုနေသော အခြေခံအင်္ဂါရပ်များပင် ဖြစ်ပေသည်။

၎င်းအခြေခံအင်္ဂါရပ်များကို အချိုးညီညီ တိုးတက်အောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ စပါးထွက် လည်း တိုးတက်ထွက်ရှိမည် ဖြစ်သည်။ ထို့ကြောင့် စပါးထွက်အင်္ဂါရပ်များ အချိုးညီညီ တိုးတက်စေရန်အတွက်

စပါးပင်၏ သက်တမ်းတလျှောက် အပင်ကြီးထွားမှု အဆင့်တိုင်းတွင် ပြုစုစောင့်ရှောက်ရမည့် လုပ်ငန်းများကို သက်တမ်းအလိုက် မဖြစ်မနေ လုပ်ဆောင်သွားရမည်။

ကောက်စိုက်ရာတွင် စပါးမျိုးအလိုက် စိုက်သင့်သည့် ကောက်ကွက် အရေအတွက်ကို အပြည့်အဝရရှိအောင် စိုက်ပျိုးရမည်။ စိုက်သင့်သည့် ကောက်ကွက်ထက်ချဲ၍ ကျဲကျဲစိုက်ပါက ကောက်ကွက် အရေအတွက်နည်းပြီး အထွက်နည်းမည်။ စိုက်သင့်သည်ထက် စိပ်၍စိုက်ပါကလည်း အပင်ကျပ်ပြီး အောင်စေ့နည်းသဖြင့် အထွက်လျော့နိုင်သည်။ ထို့အပြင် ပိုးမွှားကျရောက်နိုင်သည်။

စိုက်သင့်သည့်ကောက်ကွက် အရေအတွက်ဝင်အောင် စိုက်ပျိုးထားစေကာမူ စိုက်ပျိုးရာတွင် စနစ်မကျ၍လည်းကောင်း၊ ပျိုးနုတ်ရာတွင် စနစ်မကျ၍လည်းကောင်း၊ စိုက်ပြီးစတွင် ရေနက်စွာသွင်းထားခြင်းနှင့် မိုးများလျက် ရေမထုတ်လျှင်လည်းကောင်း ကောက်ပင်အသေအပျောက်များပြီး အထွက်ကျဆင်းနိုင်သည်။

ရေနက်ပါက အပင်ပွား နည်းနိုင်ပါသည်။ အပင်ပွား နည်းပါက စပါးထွက်ကို ထိခိုက်နိုင်၏။

ထို့အပြင် စပါးတစ်နှံတွင် ရှိသင့်ရှိအပ်သည့် အောင်စေ့နည်းပြီး အဖျင်းများခြင်းသည်လည်း အထွက်လျော့နည်း စေနိုင်ပါသည်။ ထိုနည်းတူစွာပင် အဆန်မပြည့်သော လုံးပိန်လုံးညှပ် များပါကလည်း စပါးထွက်ကို ဆုတ်ယုတ်စေမည်သာဖြစ်၏။ ဤပြဿနာများကို ကျော်လွှားနိုင်ရန်မှာ စပါးပင်သက်တမ်းတလျှောက် ပြုစုဆောင်ရွက်ရမည့် လုပ်ငန်းများကို သတိရှိရှိဖြင့် ပုံမှန်ဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ ရှောင်ကြဉ်ရမည့် အချက်များကို ရှောင်ရှားရမည်ဖြစ်သည်။ ထို့ကြောင့် စပါးအထွက်တိုးရေးအတွက် အလွယ်တကူ လိုက်နာလုပ်ကိုင်နိုင်ရန် ဆောင်ရန်နှင့် ရှောင်ရန် အချက်များကို ဖော်ပြပါသည်။



# ရှောင်ရန် ဆောင်ရန်

## (က) မစိုက်ပျိုးမီအချိန်

| ရှောင်ရန် | ဆောင်ရန် |
| --- | --- |
| ၁။ အထွက်ကောင်း မျိုးနှင့် မြေဩဇာကို သုံးစွဲကာမျှဖြင့် စပါးထွက်ကောင်းမည်ဟု ယုံကြည်မျှော်လင့်ခြင်းကို ရှောင်ပါ။ | သိပ္ပံနည်းကျ စိုက်ပျိုးခြင်းသည်သာလျှင် စပါးထွက် ကောင်းစေနိုင်သည့် အဓိက လုပ်ရန် ဖြစ်သည်ဟူသော ခံယူချက်ကို ဆောင်ပါ။ |
| ၂။ မျိုးစပါးကို အဖျင်း အမှော်၊ လုံးပိန်၊ လုံးညှပ် မသန့်စင်ပဲဖြစ်စေ၊ အပင်ပေါက် မစမ်းပဲဖြစ် စေ ပျိုး ထောင် ခြင်း ကို ရှောင်ပါ။ | မျိုးစပါးကိုအဖျင်းအမှော်၊လုံးပိန်၊ လုံးညှပ် သန့်စင်ခြင်း၊ အပင်ပေါက် ကောင်း မကောင်း စမ်း သပ် ခြင်း တို့ ပြု လုပ် ပြီး မှ ပျိုးထောင်သည့် အလေ့အထကို ဆောင်ပါ။ |

## (ခ) ပျိုးထောင်ရာတွင် ရှောင်ရန်နှင့် ဆောင်ရန်

| ရှောင်ရန် | ဆောင်ရန် |
| --- | --- |
| ၁။ သဘာဝ မြေဩဇာများ ဖြစ်သော သစ်ရွက်ဆွေး၊ အမှိုက်ဆွေးနှင့် နွားချေး ဆွေးများ မချပဲ ပျိုး ထောင် ခြင်း ကို ရှောင်ပါ။ | ပျိုးသန်စေရန်နှင့် ပျိုးနုတ်ရာတွင် လွယ်ကူစေရန် သဘာဝမြေဩဇာများဖြစ်သော သစ်ရွက်ဆွေး၊ အမှိုက်ဆွေး၊ နွားချေးဆွေးများကို တစ်ဧကလျှင် လှည်း ၁၀ စီးနှုန်း နှစ်စဉ်ချပြီးမှ ပျိုးထောင်ခြင်းကို ဆောင်ပါ။ |
| ၂။ မညီညာသော တမန်းပြင်တွင် ပျိုး ကြဲ ပျိုး ထောင် ခြင်း ကို ရှောင်ပါ။ | တမန်းပြင်ကို ညီညာအောင် စနစ်တကျညှိပြီးမှ ပျိုးထောင်ခြင်းကို ဆောင်ပါ။ |
| ၃။ ပျိုးထူထူကြဲခြင်းကို ရှောင်ပါ။ | ပျိုးပါးပါး ထောင်ပါ။ ပြာတီးသန့်စင်ပြီး မျိုးစပါး တစ်ဧကလျှင် ၇ မှ ၁၀ တင်း အထိ သုံး၍ ပျိုးပါးပါး ထောင်သည့် စနစ်ကို ဆောင်ပါ။ (တစ်လံပတ်လည် အကွက် တစ်ကွက် တွင် နို့ဆီတစ်ဗူးနှုန်း)။ |

| ရှောင်ရန် | ဆောင်ရန် |
| --- | --- |
| ၄။ ပျိုးထောင်ပြီး ပြန်မကြည့်ပဲ ပစ်ထားသည့် အလေ့ကို ရှောင်ပါ။ | ပျိုးခင်းတွင် ပျိုးကြဲပြီးစ မျက်နှာသစ်ရေ အသွင်း အထုတ် လုပ်ပြီးနောက် ပျိုးနုတ်ချိန်အထိ ရေနှစ်လက်မခန့် ရှိစေရန်နှင့် ပိုးမဖျက်ဆီးစေရန် နေ့စဉ် ကြည့်ရှုစောင့်ရှောက်သည့် စနစ်ကို ဆောင်ပါ။ |
| ၅။ ပျိုးသက်ကြီးမှ စိုက်ခြင်းကို ရှောင်ပါ။ | အထွက်ကောင်း စပါးမျိုးများကို ပျိုးသက် ၂၅ မှ ၃၀ ရက် (ပျိုးပင်တွင် အရွက် ၅ မှ ၆ ရွက်) ရှိလျှင်လည်းကောင်း၊ ဒေသစပါးပျိုးများကို ပျိုးသက် ၃၀ မှ ၃၅ ရက် (ပျိုးပင်တွင် အရွက် ၅ မှ ၆ ရွက်) ရှိလျှင်လည်းကောင်း စိုက်ခြင်းကို ဆောင်ပါ။ |
| ၆။ ပျိုးနုတ်ရာတွင် ခပ်ကြမ်းကြမ်းဆွဲနုတ်ခြင်းနှင့် ပျိုးချေးကို ခြေနှင့် ရိုက်ခါသည့် စနစ်ကို ရှောင်ပါ။ | ပျိုးမနာမှသာ ကောက်စိုက်အပြီး အမြစ်စွဲမြန်၍ အပင်ထမြန်သဖြင့် ပျိုးမနာအောင်နုတ်ပြီး ပျိုးချေးကို လက်နှင့် သပ်ချသည့် စနစ် (လက်သပ်ပျိုးနုတ်သည့် စနစ်) ကို ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၇။ ပျိုးနုတ်ပြီး ချက်ချင်း မစိုက်ပဲ နေ့ကျော်ထားပြီးမှ စိုက်ခြင်းကို ရှောင်ပါ။ | ပျိုးကိုနုတ်ပြီး ချက်ချင်း စိုက်ပါက အမြစ်စွဲ မြန်ပြီး အပင်ပွားစောစောထွက်စေသဖြင့် ပျိုးနုတ်ပြီး ချက်ချင်း စိုက်သည့် စနစ်ကို ဆောင်ပါ။ |

အထက်ပါအတိုင်း ဆောင်ရန်ကိုဆောင်ပြီး၊ ရှောင်ရန်ကိုရှောင်ပါက စပါးထွက်ကောင်းစေသည့် အခြေခံဖြစ်သော ကြံ့ခိုင်သန်စွမ်းသည့် ပျိုးပင်များနှင့် စိုက်ပျိုးနိုင်ပေမည်။

## (ဂ) စိုက်ကွက်တွင် ရှောင်ရန်နှင့် ဆောင်ရန်

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၁။ ရိုးပြတ်ကို မီးရှို့ခြင်းမှ ရှောင်ပါ။ | ရိုးပြတ်မဆုံးရှုံးစေရန် ရိတ်ပြီးလျှင်ပြီးချင်း အချိန်ရပါက ထယ်ထိုးဖုံးပေးပါ၊ သို့မဟုတ် ရိုးပြတ်ကိုမိုးဦးအကျတွင် ထယ်ထိုး ဖုံးအုပ်ပေးခြင်းဖြင့် မြေဆီသြဇာ ထက်သန်စေပါသည်။ ထို့ကြောင့် ရိုးပြတ် မီးမရှို့ခြင်းကို ဆောင်ပါ။ |
| ၂။ လယ်ကန်သင်းများကို မပြုပြင်ပဲ ထားခြင်းမှ ရှောင်ပါ။ | လယ်ကန်သင်း မြင့်အောင် ဖို့ခြင်း၊ မျက်နှာသစ်ခြင်းကို ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
| --- | --- |
| ၃။ တမန်းပြင်ကိုမညှိပဲ၊ မညီမညာ တမန်းပြင်တွင် စိုက်ခြင်းကို ရှောင်ပါ။ | တမန်းပြင်ကိုကျမ်းဝှုံးရိုက်၍ ညီညာအောင်ညှိပြီးမှ ကောက်စိုက်ပါ။ တမန်းညီမှ လယ်ကွက်တွင် ရေနေ ရေထိုင်ညီသည်။ |
| ၄။ ပေါင်းမြက်နှင့် ကောက်လေပင်များ မပြောင်ပဲ၊ တမန်းမညက်ပဲ စိုက်ခြင်းမှ ရှောင်ပါ။ | ပေါင်းမြက်နှင့် ကောက်လေပင်ပြုတ်အောင် ညက်ညက်ထွန်ပြီးမှ စိုက်သည့်စနစ်ကို ဆောင်ပါ။ |
| ၅။ တမန်းမပုပ်ပဲ တမန်းစိမ်းတွင် စိုက်ခြင်းကို ရှောင်ပါ။ | တမန်းပုပ်အောင် အချိန်ယူ ထွန်ယက်ပြီးမှ စိုက်ခြင်းကိုဆောင်ပါ။ |
| ၆။ ကောက်ပင်ကိုနက်နက်စိုက်ခြင်းမှ ရှောင်ပါ။ | ကောက်ပင်ကို တိမ်တိမ် (တမန်းတွင်းသို့ ၁½ မှ ၂ လက်မ) စိုက်ခြင်းကို ဆောင်ပါ (နက်နက်စိုက်ပါက အပင်အထနှေးပြီး အပင်ပွား နှောက်ကျတတ်သည်)။ |
| ၇။ တမန်းမွှေပြီးပြီးချင်း တမန်းပျော်နေချိန်တွင် ချက်ချင်းစိုက်ခြင်းကို ရှောင်ပါ။ | တမန်း ပျော်နေပါက တညသိပ်ထားပြီး တမန်းအနည်းငယ်အိပ်မှ စိုက်ခြင်းကို ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၈။ မြေသြဇာများကို စိုက်ပြီးမှ ထည့်ခြင်းကို ရှောင်ပါ။ အပင်ဝါလာမှ ပုလဲမြေသြဇာ ထည့်ခြင်းကိုလည်း ရှောင်ပါ။ | မြေသြဇာ(၃)မျိုးလုံးကိုတမန်းမွှေချိန်တွင်ထည့်ပါ(ပုလဲ ၅၆ ပေါင်၊ တီဆူပါ ၅၆ ပေါင်နှင့် ပိုတက် ၂၈ ပေါင်) ချန်ထားသော ပုလဲ ၂၈ ပေါင်ကို မှို့ကပ်ချိန်တွင် ထည့်ပါ။ |
| ၉။ ရေများလျက် ရေမလျှော့ပဲ မြေသြဇာထည့်ခြင်းကို ရှောင်ပါ။ | မြေသြဇာ ကြဲချိန်တိုင်းတွင် ရေလျှော့ပြီးမှ မြေသြဇာကြဲခြင်းကို ဆောင်ပါ။ |
| ၁၀။ သဘာဝမြေသြဇာ၊ နွားချေးဆွေး၊ သစ်ရွက်ဆွေးမထည့်ပဲ စိုက်ခြင်းကို ရှောင်ပါ။ | နှစ်စဉ်နွားချေးဆွေး၊ သစ်ရွက်ဆွေး တစ်ကေလျှင် ၅ မှ ၁၀ စီး ထည့်နိုင်အောင် ကြိုတင်စုဆောင်းပြီး ထည့်သည့် စနစ်ကို ဆောင်ပါ။ |
| ၁၁။ နည်းသစ် စနစ်သစ် များကို မလိုက်နာလိုသည့် သဘောထားကို ရှောင်ပါ။ | စနစ်သစ်ဖြစ်သော စိမ်းပြာရေညှိမွေးမြူပွားများနိုင်သော အထက်မြန်မာပြည်တွင် ပုလဲမြေသြဇာနှင့် တွဲဖက်သုံးစွဲသော အလေ့ကို ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
| --- | --- |
| ၁၂။ ကောက်ချက် တစ်ချက်လျှင် ပျိုးပင်များများ (လက်ဆ များများ) စိုက်ခြင်းမှ ရှောင်ပါ။ | ကောက်ချက်တစ်ချက်လျှင် ပျိုးပင် ၂ ပင် ၃ ပင် (လက်ဆနည်းနည်း) သာ စိုက်ပျိုးခြင်းကို ဆောင်ပါ။ |
| ၁၃။ ကောက်စိုက်ရာတွင် မျက်မှန်း စိုက်နှင့် ဘောက်စိုက်ခြင်းကို ရှောင်ပါ။ | အတန်းစိုက် စနစ်ကို ဆောင်ပါ။ (အတန်းစိုက်ခြင်းဖြင့် မိမိစိုက်လို သောအပင်ကြား၊ အတန်းကြား အကွာအဝေးကို တိကျစွာစိုက်ပျိုး နိုင်ပါသည်)။ |
| ၁၄။ ရည်မှန်းချက် ကောက်ကွက် အရေအတွက် မသတ်မှတ်ပဲ စိုက်ခြင်းမှ ရှောင်ပါ။ | စပါးမျိုးအလိုက် သတ်မှတ်ထား သော ကောက်ကွက် ပြည့်မီမည့် အတန်းကြား၊ အပင်ကြား သတ်မှတ်ချက်အတိုင်း စိုက်ပျိုးခြင်းကို ဆောင်ပါ။ |
| ၁၅။ ကောက် စိုက် ပြီး လျှင် ပြန် မကြည့်သောအလေ့ကိုရှောင် ပါ။ | ကောက်စိုက်အပြီး နေ့စဉ်လယ်ကွက် သို့ ဆင်းကြည့်ပြီး၊ ကောက်ပင် အသေအပျောက်ရှိသော နေရာ များတွင် ချက်ချင်း (၇ ရက်မှ ၁၁ ရက်အတွင်း) ကောက်ဖာ စိုက်ပျိုးခြင်းကို ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၁၆။ စိုက်ပြီးစ လယ်ကွက်တွင် ရေနက်နက် သွင်းထားခြင်းကို ရှောင်ပါ။ | စိုက်ပြီးစမှ သီတင်းပတ် ၄ ပတ်အတွင်းလယ်ကွက်တွင်ရေတိမ်တိမ် (၂" မှ ၃") လက်မထားခြင်းကို ဆောင်ပါ။ (ရေနက်ပါကသားတက်လောင်းသေတတ်ပြီးကောက်ပင်ပွား နည်းတတ်စေပါသည်)။ |
| ၁၇။ စိုက်ပြီး ကြားပေါင်းမလိုက်ခြင်းကို ရှောင်ပါ။ | စိုက်အပြီး ရက်ပေါင်း ၃၀ မှ ၄၀ အတွင်း ပေါင်းကင်းစင်အောင် ပေါင်းမြက်သုတ်သင်၍ ကြားလိုက်ခြင်းကို ဆောင်ပါ။ |
| ၁၈။ စိုက်ပြီးနောက် အပင်အခြေအနေနှင့် ပိုးမွှားကျ မကျ မကြည့်ပဲ ပစ်ထားသည့် အလေ့ကို ရှောင်ပါ။ | အပင်အခြေအနေကို အစဉ်မပြတ်ဂရုပြုစစ်ဆေးပါ။ အပင်ပွားချိန် (စိုက်ပြီး ၄၅ ရက်အတွင်း) တွင် အပင်ပွားနှုန်းနှေးပါက နှေးရသည့်အကြောင်း ရှာဖွေပြီး ပြုစုပါ။ ပိုးတွေ့ပါက ဆေးဖျန်းနှိမ်နင်းပါ။ ပတ်ဝန်းကျင်တွင် ပိုးကျနေပါက ကာကွယ်ဆေးဖျန်းခြင်းကို ဆောင်ပါ။ စု ပေါင်း ၍ မီးထောင်ချောက်ထွန်းပါ။ |

အထက်ပါ ရှောင်ရန်များကိုရှောင်၍ ဆောင်ရန်များကို တိကျစွာဆောင်ရွက်ပါက စပါးထွက်၏ အခြေခံအင်္ဂါရပ်များဖြစ်သော တစ်ဧကတွင် ရှိရမည့် ကောက်ကွက်အရေအတွက်၊ ကောက်ကွက်တစ်ကွက်တွင် ရှိရမည့် အပင်ပွားနှင့် တစ်နှံတွင် ရှိသင့်သည့် အစေ့အရေအတွက်ကို ရရှိနိုင်မည် ဖြစ်သည်။

## (ဃ) အနှံထွက်ချိန်တွင် ရှောင်ရန်နှင့် ဆောင်ရန်

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၁။ အနှံထွက်ချိန်တွင် လုပ်ငန်းအောင်မြင်ပြီဟု ယုံကြည်ကာ ပစ်ထားသည့် အလေ့ကို ရှောင်ပါ။ | အနှံထွက်ချိန်တွင် အောက်ပါများကို ဆောင်ပါ။<br>(က) ပုံသဏ္ဌာန်အရောင်အဆင်း မတူသော အနှံများကို ရိတ်ဖြတ်၍ပယ်ခြင်း၊<br>(ခ) ရေ အလုံအလောက် လှောင်ပေးခြင်း၊<br>(ဂ) စပါး ငိုက်လာပါက (အနှံစုံပြီး ၁၅ မှ ၂၀ ရက်) အောင်ရေလွှတ်ခြင်း၊<br>(ဃ) နှံစုတ်ပိုးနှင့် နှံဖြတ်ပိုးတွေ့ပါကဆေးဖျန်းခြင်း။ |

အထက်ပါ ဆောင်ရန်များကို လိုက်နာပါက လုံးပိန် လုံးညှပ်နှင့် အဖျင်းနည်းပြီး အောင်မြင်သော စပါးစေ့များ ရည်မှန်းချက်အတိုင်း ရရှိပြီး စပါး အထွက်တိုးမည်ဖြစ်သည်။

## (င) ရင့်မှည့်ချိန်တွင် ရှောင်ရန်နှင့် ဆောင်ရန်

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၁။ စပါးကျွမ်းမှ ရိတ်သိမ်းခြင်းကို ရှောင်ပါ။ | မောင်းညိုချိန်တွင် ရိတ်သိမ်းခြင်းကို ဆောင်ပါ။ (စပါးနှံ၏ ၈၅ ရာခိုင်နှုန်းနှင့် စပါးပင်အားလုံး၏ ၈၅ ရာခိုင်နှုန်း ဝါလာပါက မောင်းညိုချိန်ဖြစ်ပါသည်။) စပါးပင် လုံးဝခြောက်မှဖြစ်စေ၊ စပါးပင်ကျွမ်းမှဖြစ်စေ ရိတ်သိမ်းပါက စပါးအကြွေများပါသည်။ ဆန်ကြိတ်ရာတွင် အကျိုးအကြေများပါသည်။ (စပါးနှံတိုင်းမှ တစ်စေ့ကြွေလျှင် တစ်ကေတွင် စပါးတစ်တင်းခွဲအထိ ဆုံးရှုံးပါသည်)။ |
| ၂။ ရိတ်သိမ်းပြီး လယ်ကွက်ထဲတွင် ကြာမြင့်စွာ ထားခြင်းမှ ရှောင်ပါ။ | ရိတ်သိမ်းပြီး အမြန်ဆုံး တလင်းသို့ သယ်ယူနယ်လျှော်ပါ။ ခြေနင်းစပါးခြွေ ကိရိယာကို သုံးပါက စပါး အရည်အသွေး ကောင်းပြီး စပါးရိတ်သက်သာလျက် အချိန်တိုတိုနှင့် ပြီးစီးနိုင်သဖြင့် ကောင်းသောနည်းစနစ်အဖြစ် ဆောင်ပါ။ |

| ရှောင်ရန် | ဆောင်ရန် |
|---|---|
| ၃။ မျိုးအတွက် ဝမ်းစာနှင့် ရောထားခြင်းကို ရှောင်ပါ။ | မျိုးအတွက် စိတ်ကြိုက်အနှံ ရိတ်ယူပြီး အိမ်မှာနေလှန်း၍ ခြေနှင့်နင်း ခြွေယူပါ။ နေလှန်းပြာတီးပြီး မျိုးကို သီးခြားမျိုးပုတ်နှင့်သိုလှောင်ခြင်းကို ဆောင်ပါ။ |

အထက်ပါရှောင်ရန်များကို ရှောင်၍ ဆောင်ရန်များကို ကြိုးစား လိုက်နာခြင်းဖြင့် စပါးအလေအလွင့် အဆုံးအရှုံးနည်းပြီး စက်ကြိတ်ရာတွင် ဆန်အကြေနည်းလျက် စီးပွားတိုးတက်မည့်အပြင် လာမည့်နှစ်အတွက်ပါ မျိုးကောင်းမျိုးသန့်ကို ပြုပြင်သိမ်းဆည်းပြီးဖြစ်ခြင်းကြောင့် အစဉ်အဆက် မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပေသည်။

Department of Agriculture
Acc No. ............
Date ............
Central Agricultural Library